

ချောအိမာန်
(မန္တလေး)

# မန္တလေးကို ပျံသွားသလား

နှင့် ဝတ္ထုတိုစုစည်းမှု

# မန္တလေးကို ပျံသွားသူအတွက် အမှာစကား

၂၀၁၅ မေလ နောက်ဆုံးအပတ်က ရွှေအမြုတေ စာပေဆုပေးပွဲ တက်ရောက်ဖို့ ရန်ကုန်သို့ ရောက်ရှိလာတဲ့ စာရေးဆရာမ ချောအိမာန် (မန္တလေး) က ဝတ္ထုတိုပေါင်းချုပ် စာအုပ်ထုတ်မှာမို့ အမှာ စာရေးပေးပါလို့ ဆိုလာပါတယ်။ တပည့်များက အမှာစာ ရေးပေးပါဆိုလျှင် ကျွန်တော် ခေါင်းကြီးပါတယ်။ ကိုယ့်တပည့်သားမြေးမို့ ကောင်းပါတယ် ဆိုတဲ့စကားကို ဆိုပြန်ရင်လည်း သူ့တပည့်မို့ ပြောတာလို့ ထင်ပါလိမ့်မယ်။ နောက်တစ်ချက်က ဆုတစ်ခုအတွက် ရွေးချယ်တဲ့အဖွဲ့မှာ ကျွန်တော်ပါနေတာကြောင့် အမှာစာ မရေးချင်တာလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ချောအိမာန်ရဲ့ အကြောင်းပြချက်က မန္တလေးကို ပျံသွားသလား ဝတ္ထုက ရွှေအမြုတေဆုရတဲ့ ဝတ္ထုဖြစ်တာကြောင့် ကျွန်တော့်ကို ရေးစေချင်တာပါလို့ ဆိုလာပါတယ်။ ဒီတော့ မငြင်းသာတော့ဘူးပေါ့။

ဆရာမ ချောအိမာန်ကို မန္တလေးကို ပျံသွားသလား နဲ့ ဆုပေးဖို့ စဉ်းစားကြတဲ့အချိန်မှာ ဆုရွေးချယ်ရေးအဖွဲ့ဝင်အားလုံးက တစ်ညီတစ်ညွတ်တည်း ရွေးချယ်ခဲ့ကြတာပါ။ သူ့ ဝတ္ထုကလေးက မိတ်ဆွေ စာရေးဆရာမတစ်ယောက်ရဲ့ဖခင်ကို အမှတ်မထင်တွေ့ပြီး ပုဂ္ဂိုလ်တစ်ယောက်ကို အကြောင်းပြုပြီး ရေးဖွဲ့ထားတာပါ။ ခေတ်ပြိုင်ခံစားမှုရှိတယ်။ အနုပညာမြောက်တယ်။ ဆုနဲ့ ထိုက်တန်တယ်။ အရည်အသွေးရှိတယ်လို့ သုံးသပ်ကြပြီး

ချောအိမာန်ကို ရွေးချယ်ခဲ့ကြတာပါ။ ဆုချီးမြှင့်ပြီးချိန် ဆရာမနဲ့ စကားစပ်မိတော့မှ ဒီဝတ္ထုကလေးဟာ ဖြစ်ရပ်မှန်တစ်ခုကို စိတ်ကူးနဲ့ပေါင်းစပ်ပြီး ရေးဖွဲ့ထားတာမှန်း သိရပါတယ်။

ဖြစ်ရပ်မှန်တိုင်းကို ဝတ္ထုရေးရင် ကောင်းသလားဆိုတာ တွေးစရာရှိပါတယ်။ ဖြစ်ရပ်မှန်တိုင်းကတော့ ဝတ္ထုကောင်း မဖြစ်လာနိုင်ပါဘူး။ စာရေးဆရာက ဖြစ်ရပ်တစ်ခုကို ကျော့ရိုးလောက်သာ ယူပြီး ရေးဖွဲ့တတ်မှသာလျှင် ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်လာနိုင်ပါတယ်။ ကျွန်တော်တို့ဆီကို နေ့စဉ်နဲ့အမျှ ရောက်ရှိလာတဲ့ စာမူများထဲမှာ “ဒီဝတ္ထုကတော့ ကျွန်တော်/ကျွန်မ ကိုယ်တွေ့အဖြစ်အပျက်ကို ရေးဖွဲ့ ထားတာပါ” လို့ ပြောကြတဲ့လူတွေ အများကြီးရှိသလို “ ဒီဝတ္ထုက ကျွန်တော့်အဒေါ်တစ်ယောက်ရဲ့ အဖြစ်အပျက်ပါ” စသဖြင့် ဝန်ခံချက်တွေနဲ့ ရေးဖွဲ့သူတွေ အများကြီး တွေ့ရပါတယ်။ ဖြစ်ရပ်မှန်ဆိုတိုင်း ဝတ္ထုမဖြစ်နိုင်ပါဘူး။ မကြာသေးမီ ရက်ပိုင်းက ရွှေအမြုတေကို ဝတ္ထုရှည်ပို့ထားတဲ့ စာရေးဆရာတစ်ယောက်က သူ့ဝတ္ထုကို ဖတ်ပေးပါဦးလို့ နားပူတာကြောင့် ကျွန်တော် ကောက်ဖတ်ခဲ့ပါတယ်။

သူ ရေးထားတာ တကယ့်အဖြစ်အပျက်ပါ။ ဒီနေ့ခေတ်ကာလမှာ ဗိုလ်ချုပ်အောင်ဆန်းကို ဝိုင်းပြီးအမွှန်းတင် ချီးမွမ်းခန်းတွေ ဖွဲ့နေကြပေမယ့် သူ ကျောင်းဆရာဘဝက ကျောင်းသားတွေအတွက် ကဗျာပြိုင်ပွဲတစ်ခု ပြုလုပ်ပေးရာမှာ ဗိုလ်ချုပ်အောင်ဆန်းကဗျာများ ပါတဲ့အတွက် ပညာရေးဌာနမှ စုံ စမ်းစစ်ဆေးခြင်းခံရပြီး ဌာနဆိုင်ရာ အရေးယူမှုခံခဲ့ရကြောင်း ရေးဖွဲ့ထားပါတယ်။ ဖြစ်ရပ်မှန်ဆိုတာကို ကျွန်တော်ယုံပါတယ်။ ဒါပေမဲ့ ဝတ္ထုတော့ မဟုတ်ပါဘူး။ ဝတ္ထုဆိုတာ အခင်းအခက်၊ အလှည့်အပြောင်း ဒါတွေ ပါရပါမယ်။ အချိန်တော်တော်

အကုန်ခံပြီး ဖတ်ပေမယ့် ဘာတစ်ခုမှ မပါလာတာကြောင့် ကျွန်တော် ဒယ်ဒီတာမှတ်ချက်နေရာမှာ“ဝတ္ထု မဟုတ်ပါ”လို့ ရေးပြီး ပြန်ပေးခိုင်းလိုက်ပါတယ်။ ဒါကြောင့် ဖြစ်ရပ်မှန်တိုင်း ဝတ္ထုမဖြစ်နိုင်ဘူးလို့ ကျွန်တော် ပြောချင်တာပါ။ ဖြစ်ရပ်မှန်ကို ကျောရိုးလောက်ယူပြီး စာရေးဆရာက သူ့အတတ်ပညာနဲ့ ဝတ္ထုတစ်ပုဒ်မှာ ပါရမယ့် လက္ခဏာတွေကို ထည့်သွင်းပေးနိုင်မှသာ ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်လာမှာပါ။

ဆရာမ ချောအိမာန် (မန္တလေး) ရဲ့ စုစည်းမှုမှာ ဝတ္ထုတို ၁၄ ပုဒ် ပါဝင်ပြီး ရွှေအမြုတေ ၅ ပုဒ်၊ ရတီက ၃ ပုဒ်၊ Perfect က ၂ ပုဒ်၊ မဟေသီက ၁ ပုဒ်၊ ပေဖူးလွှာက ၁ ပုဒ်၊ မုဒိတာက ၁ ပုဒ် ပါဝင်ပါတယ်။ ဒီ ၁၄ ပုဒ်ထဲမှာ အများစုက ဆရာမရဲ့ ကိုယ်တွေ့တွေ ဖြစ်ပုံရပါတယ်။ ရွှေအမြုတေမှာ ဖော်ပြခဲ့တဲ့ ကိုရင်ငပိန်လို ဝတ္ထုမျိုးကတော့ ဘုန်းကြီးကျောင်းမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ကိုရင်ကလေးတွေရဲ့ အဖြစ်အပျက်မို့ စာရေးဆရာရဲ့ အားထုတ်မှုကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဆရာမ ချောအိမာန် (မန္တလေး) က သူ့မျက်စိရှေ့အောက်မှာ မြင်တွေ့နိုင်တဲ့ အဖြစ်အပျက်တွေကို ဝတ္ထုအဖြစ် ဖန်တီးနိုင်သလို သူစိတ်ဝင်စားတဲ့ အကြောင်းအရာများကိုလည်း ဝတ္ထုကောင်းများအဖြစ် ဖန်တီးနိုင်စွမ်း ရှိတယ်ဆိုတာ ပေါ်လွင်နေပါတယ်။

ဒါပေမဲ့ ဆရာမက စာအရေးကျဲပါတယ်။ တစ်ပုဒ်ထွက်လာရင် အဲဒီတစ်ပုဒ်က ပြောလောက်အောင် ကောင်းပါတယ်။ နိုင်ငံခြားရပ်ရှင်ကားများ၊ ဝတ္ထုများကို မှီငြမ်းတဲ့သူများကတော့ တစ်လတစ်အုပ်လောက် လုံးချင်းတွေကိုတောင် ရေးနိုင်ကြပါတယ်။ ကိုယ်ပိုင်ဇာတ်လမ်း၊ ကိုယ်တိုင်ကြိုးစားအားထုတ်မှု ပြုကြသူများကတော့ ဒီလိုပဲ စာအရေးကျဲမှာပါ။ ဒါကို ကျွန်တော်တို့က

နားလည်ပါရက်နဲ့ စာရေးဖို့ သူတို့ကို အတန်တန် တွန်းအားပေးကြရပါတယ်။

လူငယ်ဘဝမှာ တွေ့သမျှ၊ မြင်သမျှဟာ ဝတ္ထုဖန်တီးလို့ ရနိုင်တဲ့အကြောင်းအရာများ ဖြစ်တတ်ပါတယ်။ အသက်ကြီးသွားရင်တော့ မမြင်တတ်ကြတော့တာလား မပြောတတ်ဘူး။ ရေးအားတွေ ကျကုန်ကြပါတယ်။ တစ်ခေတ်က နာမည်ကြီးခဲ့တဲ့ ဆရာ၊ ဆရာမတို့ရဲ့ ဝတ္ထုများကို လုံးချင်းလောကမှာ မတွေ့ရတော့သလို မဂ္ဂဇင်းစာမျက်နှာပေါ်မှာလည်း မတွေ့ရတော့ပါဘူး။ ဒါကိုလည်း ကျွန်တော်တို့က အပြစ်ဆိုလို့တော့ မရပါဘူး။ ဝတ္ထုတိုရေးသားခြင်းက မိသားစုရဲ့ ထမင်းအိုးကို ပံ့ပိုးမပေးနိုင်တာကြောင့် စာရေးပါလို့ မတိုက်တွန်းရက်တာပါ။ လူငယ်ဘဝမှာတော့ တာဝန်ယူရတာ နည်းနေသေးတဲ့အတွက် ရတတ်သမျှ အချိန်ကလေးတွေမှာ ဝတ္ထုတွေ ရေးစေချင်ပါတယ်။ စာရေးကျဲတဲ့ ဆရာမကိုလည်း ဒီလိုကောင်းတဲ့ဝတ္ထုတွေ ရေးပါဦးလို့ တိုက်တွန်းချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆရာမ ချောအိမာန် (မန္တလေး) က အမြင်စူးရှသူရယ်လို့ ကျွန်တော်ယုံကြည်လို့ပါပဲ။

ရသစာပေကို အထောက်အကူပေးနိုင်ဖို့ ဆရာမတို့လို လူငယ်တွေက မြန်မာစာပေအတွက် ဒေါက်တိုင်များအနေနဲ့ ကူပံ့ပေးကြပါလို့ မေတ္တာရပ်ခံလိုက်ပါရစေ။

**ဝင်းငြိမ်း**

*

## ချောအိမာန်အတွက်

(၁)

နောက်ထပ် ချောအိမာန်တစ်ယောက် မပေါ်လာသေးပါ၍ သူ့ကို ချောအိမာန် (မန္တလေး) ဟု အပြည့်အစုံ မသုံးစွဲလိုက်ခြင်းအား နားလည်ခွင့်လွှတ်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ သူ့ဝတ္ထုများ၏ ဇာတ်အိမ် သူပြောပြနေသောဟန်နှင့် သူ့အရေးအသားကိုကြည့်လျှင် မန္တလေးဆိုသော အထူးပြုပုဒ်ကို ထည့်စရာမလိုသည်မှာ ရှင်းပါသည်။

(၂)

သူနှင့် သုံးလေးကြိမ်လောက်တော့ ဆုံဖူးခဲ့လိမ့်မည်ထင်သည်။ ခင်ခင်မင်မင် ဆုံဖူးလိုက်သည်က မန္တလေးတွင် ဒုတိယအကြိမ်အဖြစ် ကျင်းပသော ဧရာဝတီစာပေပွဲတော်မှပင်ဖြစ်သည်။ ဟန်တစ်လုံးပန်တစ်လုံးနှင့် ခပ်တည်တည်နေတတ်သူဟု ယခင်က ထင်မှတ်ခဲ့သည်များ ပျက်ပြယ်သွားလေသည်။ ဆုံခဲ့ဖူးသမျှ လူငယ်ဝတ္ထုသမားများလိုပင် သူသည် ဟန်ပန်မရှိ ပကတိနှလုံးသားနှင့် နေထိုင်သူဟု မြင်လိုက်ရ၏။

သူ့ဝတ္ထုတိုများကို ဖတ်ရသောအခါ အမြင်တစ်ခုကို ရိုးရိုးရှင်းရှင်း ရေးသားပြပုံမှာ သူ၏ပင်ကိုသဘာဝအတိုင်းပင်ဟု မြင်လိုက်ရပါသည်။

(၃)

ဤနေရာတွင် အကြောင်းကြုံ၍ ကျွန်တော့်အတွေ့အကြုံမှ ရလာသည့် အတွေးအမြင်များအကြောင်း ရေးရဦးမည်။ မြန်မာဝတ္ထုတိုလမ်းကြောင်းအတွက် ၁၉၆၀ ဝန်းကျင်မှစ၍ လှေ့လာသောအခါ နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း ထင်ရှားသော ပြောင်းလဲမှုကြီးသုံးခုကို သတိထားမိပါသည်။

ပထမအချက်မှာ ဇာတ်လမ်းဖြစ်သည်။ ခေတ်ဦးဟု ခေါ်ရမည်ဖြစ်သော ၁၉၇၀ အထိ ဝတ္ထုတိုများတွင် ဇာတ်လမ်းဇာတ်ကွက်သည် အတော်ကြီးအရေးပါခဲ့၏။ ယုတ္တိရှိရှိ ဇာတ်ကွက်ဆင်ဖို့နှင့် ထိထိမိမိ ဇာတ်သိမ်းပေးဖို့မှာ ဝတ္ထုတိုကောင်းများ၏ အားအင်ဟု ယူဆခဲ့ကြသည်။ ၁၉၇၀ ကျော်လာသောအခါ ဇာတ်လမ်းထက် ဇာတ်ဆောင်စရိုက်ကို အသားပေးလာသော မော်ဒန်ဝတ္ထုတိုဟန်က ထင်ရှားလာသည်။ ၁၉၉၀ ကျော်လာသောအခါ အပြတစ်ချက်ဟု ဆိုရမည့် စွဲမက်ဖွယ် အထူးပြုချက် (ဆရာ အောင်သင်း၏ စကားကို တုပြီးပြောရလျှင် ငြိလုံးပြကွက်) ကို ဖော်လာကြသည်။ အားလုံးက ဤရေစီး ကြောင်းကြီးတွင် မျောနေခြင်းမဟုတ်ပါ။ ဟိုတစ်လောက ထုတ်ဝေသော ဝတ္ထုတိုပေါင်းချုပ် တစ်အုပ်တွင် ခေတ်ဦးဟန်နှင့် လောကကို ထင်ဟပ်သော ဝတ္ထုတိုများ တွေ့လိုက်ရပါသေးသည်။

ချောအိမာန်၏ ဝတ္ထုတိုများကို ဤစံဖြင့်ကြည့်လျှင် ချောအိမာန်သည် ရေစီးကြောင်းသစ်ထဲမှာ နေထိုင်သူဟု မြင်ရပါသည်။

(၄)

ဒုတိယအချက်မှာအရေးအသားဖြစ်သည်။ ဒဂုန်တာရာ၊ ကြည်အေး၊

တက္ကသိုလ်ဘုန်းနိုင်၊ သဲအိမ်မောင်နေဝါ၊ မောင်ဒေါင်း၊ နိုင်ဝင်းဆွေ စသော စာရေးဆရာများတွင် ကိုယ်ပိုင်ဟန်ရှိကြပါသည်။ ကိုယ်ပိုင်ဟန်ဆိုသည်မှာ အရေးအသားဟန်ကို ပြောခြင်းဖြစ်ပါသည်။ ဝတ္ထုတိုများ၌ပင် စွဲထင်နေသောကြောင့် ကိုယ်ပိုင်ဟန်ဟု ပြောရခြင်းဖြစ်သည်။ ဘယ်နေရာမှာ တွေ့နိုင်သနည်းဆိုပါလျှင် ဩကာသဝန်းကျင်အဖွဲ့၊ ကိုယ်နှုတ်နှလုံး ကံသုံးပါးအမူအရာအဖွဲ့များတွင် တွေ့နိုင်သည်။

ယနေ့ရှေ့တန်းရောက်နေကြသော လူငယ်စာရေးဆရာများ၏ ဝတ္ထုတိုများကား ခေတ်ဦးဟန် နှင့် ဝေးသွားကြပြီ။ အဖွဲ့အနွဲ့ကို ဂရုစိုက်သော စာရေးဆရာ၏ ဝတ္ထုတိုများသည် ဇာတ်ဆောင်ကိုရော ပတ်ဝန်းကျင်သဘာဝကိုပါ ဝေးနီးရိုက်ချက်စုံစုံဖြင့် ရိုက်ပြထားသည့် ရုပ်ရှင်ကားကောင်းတစ်ကား၏ အရသာမျိုး ပေးတတ်သည်။ ခေတ်နှောင်းတွင်ကား ဝတ္ထုတိုသည် အသံလွှင့်ဇာတ်လမ်းကို နားထောင် နေရသလို ဖြစ်လာသည်။ ခေတ်ဦးနှင့် ခေတ်နှောင်းဝတ္ထုတိုများကို ယှဉ်ဖတ်သော ဝတ္ထုတိုဖတ်ပွဲ (ဝတ္ထုသက်သက်ကို တစ်ဦးတည်းကပဲ နိုင်ငံတကာထုံးစံအတိုင်း ဖတ်ပြသောပွဲ) များတွင် ဤအချက်ကို ထင်ထင်ရှားရှား တွေ့ရသည်။

ရသစကားဖြင့် ပြောရလျှင် ဘာဝကြောင့် ရသပေါ်သည်ဟု ဆိုရမည်။ သို့သော် ဘာဝချည်း သက်သက်ဖြင့် ရသမပေါ်။ ဘာဝဖြစ်လာစေရန် ပံ့ပိုးပေးသော ဝိဘာဝ/အနုဘာဝ/ဗျာယီဘာဝ/ အရမ္ဗဏဝိဘာဝ/ ဥဒ္ဒီပနဝိဘာဝ စသည့် အသေးစိတ်များ လိုအပ်သည်။ သူသည် ငိုနေ၏ဟု ရေးရုံဖြင့် ဘာဝမမြောက်။ ရသမပေါ်။ အကြောင်းတရားများ၊ ဝန်းကျင်အခြေအနေများ၊ ငိုကြွေးသည်ဆိုသော အက်ရှင်၏ အသေးစိတ်အပြုအမူများကို နေရာတကျ ရေးမှသာ

ဘာဝမြောက်ပါသည်။ ဘာဝမြောက်မှ ရသပေါ်ပါသည်။ ပါဠိစကားလုံးများဖြင့် ပြောနေသည်ထက် ဤလိုရှင်းလင်းပြလျှင် သိသာပါလိမ့်မည်။

ဤလိုဖွဲ့နွဲ့ခြင်းမှာ ရသကို ဂရုစိုက်သော စာရေးဆရာများ၏ လက်နက်ဖြစ်သည်။ ယနေ့ခေတ်တွင် ဤလိုလက်နက် သုံးစွဲမှုမျိုးရှားလေပြီ။

ချောအိမာန်၏ ဝတ္ထုတိုတချို့တွင် ရှားရှားပါးပါး ပြန်တွေ့ရသော လက်နက်ဟုလည်း ဆိုချင်ပါသည်။

(၅)

တတိယတစ်ချက်မှာ အရေးစကားပြေ ရှားပါးလာပြီး အပြောစကားပြေကို အသုံးများလာခြင်း ဖြစ်သည်။ ရေးတတ်လျှင် ဘယ်နည်းနှင့်ပဲရေးရေး (စောစောက ပြောခဲ့သော) ဝိဘာဝတွေ၊ အနုဘာဝတွေ ပေါ်ပါသည်။ မရေးတတ်လို့ကတော့ ဘာနှင့်ရေးရေး မပေါ်ပါ။ အပြောစကားပြေကို သတိကြီးကြီးဖြင့် ဂရုတစိုက်သုံးစွဲတတ်လျှင် ရသစာပေသည် ရသမြောက်လာနိုင်ပါသည်။ ပြဿနာတ်မှာ နောက်ခံ စကားပြောပေးနေသလို ဝတ်ကျေးတန်းကျေရေးနေလျှင်တော့ ဆုံရှုံးပါသည်။

ချောအိမာန်၏ ဝတ္ထုတိုများတွင် ဤအင်္ဂါရပ်က ဘယ်သို့ရှိမည်ဆိုသည်ကိုကား စာဖတ်သူများ ပိုင်းခြားကြည့်ရန် ချန်ထားခဲ့ပါမည်။

(၆)

စာရေးဆရာသည် မှန်တစ်ချပ်ကိုင်၍ ခေတ်အတွင်း ခရီးသွားနေသူဟု ကျွန်တော် ပြောလေ့ရှိပါသည်။ ခေတ်ပုံရိပ်များ သူ့ကြေးမုံမှန်ပြင်က ပြသလောက်ကို သူ့အမြင်ဖြင့် ကြည့်ရှုပြီး ပြန်လည်တင်ပြနေသူဖြစ်၏။

ချောအိမာန် (မန္တလေး) မြင်သောခေတ်ကို ကျွန်တော်တို့ မှတ်တမ်းတင်ထိုက်သည်ဟု ယူဆပါသည်။ ဤမျှသာ လိုအပ်ပါလိမ့်မည်။

ကျော်စောမင်း

၂၀၁၅ မေ ၉

*

## မန္တလေးကိုပျံသွားသလား

အသက်အရွယ် အိုမင်း နေဝင်ချိန် ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျဖို့ မလွယ်ကူမှု၊ မိဘနဲ့သားသမီးကြားက မိဘဘက်က လွန်မဆွဲနိုင်မှု။ ခေတ်စနစ်ရဲ့ ရိုက်ချက်၊ မတူညီတဲ့ မြို့ပြနှစ်ခုရဲ့စရိုက်၊ ပြောင်းလဲမှု။ ဥပေက္ခာအဆင့် မဟုတ်ပေမယ့် အလိုလို ဥပေက္ခာအဆင့်ရောက်ပြီး လူအိုတစ်ဦးရဲ့ အထီးကျန်ခံစားမှု စိတ်တွေကို ပြချင်တဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။

(ရွှေအမြုတေမဂ္ဂဇင်း)

*

### (၁)

အပေါ်ထပ်ကနေ ဟိုး . .. အောက်ဆုံးထပ် လမ်းမကို လှမ်းကြည့်မိတယ်။ ထုံးစံအတိုင်း လူတွေ အရှေ့က အနောက်သွား၊ အနောက်က အရှေ့သွားပေါ့။ ပိပိ ဆိုတဲ့ ကွမ်းယာဆိုင်လေးမှာရှိတဲ့ ကောင်မလေးကတော့ ခပ်သွက်သွက်လက်ချောင်းလေးတွေနဲ့ ကွမ်းယာတွေကို အဆင်သင့်ဖြစ်အောင် ထုပ်နေတယ်။ Taxi ကားမောင်းသူတွေက အဲဒီနားရပ်ပြီး ကွမ်းယာလှမ်းဝယ်ကြတယ်။ ကောင်မလေးကြည့်ရတာလည်း သပ်သပ်ရပ်ရပ်လေး။ ပါးကွက်လေး

အမြဲကွက်ထားတယ်။ ဖော်ဖော်ရွှေရွှေ ဆက်ဆံတော့ ကားသမား တော်တော်များများ ဝယ်စားကြတာ များတယ်။ တစ်ခုတော့ ကျုပ်မကြိုက်ဘူး။ ကားဆရာက သူ့ပါးစပ်ထဲက အရင်ဝါးပြီးသား ကွမ်းရည်ကို လမ်းမပေါ် ပျစ်ခနဲ ထွေးပစ်လိုက်တာ အလွန် ညစ်ပတ်တယ်ဗျာ။ ဒီကတ္တရာခင်း လမ်းကြီးမှာရော ဘောင်တွေမှာပါ ရဲရဲနီလို့။ တစ်၊ နှစ်၊ သုံး၊ လေး . . . . စိတ်ကူးပြောင်းပြီး ဓာတ်တိုင်ပေါ်နားနေတဲ့ ခိုကလေးတွေကို ရေကြည့်တာပါ။ ခို ဆယ့်ငါး၊ စာကလေး နှစ်ဆယ်လောက်တော့ ရှိတယ်။

ဟော . . . . . ကျုပ်တို့ခုနစ်လွှာရဲ့ အောက်ဆုံးထပ်က အမျိုးသမီး သူ့သားကို ကျောင်းကြိုလာပြီ။ အဲဒီကလေး ပြန်လာပြီး နောက်တစ်နာရီကြာပြီဆိုရင် ကျုပ်သမီး ဆေးခန်းက ပြန်လာပြီ . . . .။

"အဘိုး အဘိုး"

အိမ်ထဲက ခေါ်သံကြောင့် ဝရန်တာဘက်ရောက်နေတဲ့ ကျုပ်ခေါင်း အိမ်ထဲ လှည့်သွားတယ်။

"ဘာလဲ"

"ကျွန်မ အခွေဖွင့်ချင်လို့"

"ဖွင့်ပေ့ါ . . . . . ညည်းက အထူးအဆန်းလုပ်လို့ ခါတိုင်းလည်း ဖွင့်နေတာပဲဥစ္စာ"

ခါတိုင်းလည်း သူ့သဘောနဲ့သူ ဖွင့်နေတာကို ခုမှ မိုးကြိုးကြားသား ခွင့်တောင်းလို့။ အိမ်က ခိုင်းဖို့ခေါ်ထားတဲ့ ကောင်မလေး အားနေ တီဗွီ။ တီဗွီကနေ ဓာတ်ကားခွေ၊ သီချင်းခွေ စုံနေတာပဲ . . . . . .။

"ခုဟာ အဘိုးမကြိုက်တဲ့ သီချင်းခွေ ဖွင့်မလို့"

"ဦးထုပ်နဲ့ လူတွေလား"

"ဟုတ်"

"ညည်းပျင်းရင်လည်း ဖွင့်ပေါ့"

ကလေးမက ကျုပ်ဆီကသာခွင့်တောင်းနေတာ အခွေက စက်ထဲထည့်နေပြီ။ ဘာတွေဆိုမှန်းမသိ ပျာယာခတ်နေတဲ့ ကောင်လေးတွေကို ကျုပ်က မကြိုက်ဘူးပြောထားလို့။ သူ့ခေတ်နဲ့သူဆိုပေမယ့် ကိုအံ့ကြီး၊ မေရှင်တို့ကို လွမ်းသား။ ဝင်းဦးကလည်း ကျုပ်က ခံစားလို့ရတယ်။ ဒီဘက်ပိုင်းမှာဆိုရင် လွမ်းမိုးကြိုက်သလို မြန်မာပြည်သိန်းတန်၊ စိုင်းထီးဆိုင်တို့လည်း မဆိုးဘူးပဲ။ ခက်တာက ခုပေါ်တာတွေနဲ့ ကျုပ် မိုင်ကုဋေလောက် ကွာခြားသွားပြီ။ သူတို့အပြစ်မဟုတ်ပါဘူး။ နောင်လည်း ဆက်ရှိနေဦးမှာပဲ။

ကျုပ်နေတဲ့ အခုထပ်က အပေါ်ဆုံးခုနစ်လွှာမှာ အခန်းကျဉ်းလေး နှစ်ခုပဲပါပြီး ဖွဲ့စည်းထားတဲ့ ခပ်ကျဉ်းကျဉ်း တိုက်ခန်းလေး။ ဒီလိုမျိုးအခန်းလေးနဲ့ အသက်ကြီးလာချိန်မှာ နေရဖို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့ဘူး။

ကျုပ် ဒီတိုက်ခန်းရောက်နေတာ နှစ်နှစ်ရှိသွားပြီပေါ့။ တစ်ခါမှလည်း အောက်မဆင်းဘူး။ ဘယ်လိုလုပ် အဆင်းအတက်လုပ်နိုင်မှာလည်း အသက်က ခုနစ်ဆယ်ကျော်ပြီ။ ကျုပ် အခုကိုင်နေတဲ့ လက်ကိုင်တုတ်လေးက ရန်ကုန်ရောက်မှ ပိုအသုံးများလာပြီး လက်ကိုင်နေရာမှာ အဖုလေးတွေ မရှိတော့ဘဲ ချောပြောင်နေတယ်။ သူ့ကို ပိုအားကိုးလာရတဲ့သဘော။ တိုက်ခန်းကကျဉ်းကျဉ်း၊ လမ်းလည်းမလျှောက်ရတော့

ခြေထောက်တွေက ကြာလေလေးလေ ဖြစ်လာရော။

အရင်တုန်းကဆို ကျုံးဘေးမှာ မနက်တိုင်း ညနေတိုင်း လမ်းလျှောက်ရတဲ့ အရသာကို လမ်းမလျှောက်ဖြစ်မှ ပိုပြီးတမ်းတမိတယ်။ မန္တလေးကို တစ်ခေါက်လောက် ရောက်ဦးမယ်ဆိုရင် ကျုံးဘေးကို အဝလမ်းလျှောက်ဦးမယ်လို့ စိတ်ထဲတေးထားမိတယ်။

ကောင်မလေးကတော့ အထဲမှာ ကွိစိ ကွစိနဲ့။ သူလည်း လူငယ်ဆိုတော့ ပျင်းပေမပေ့ါ။ ဒါတွေ ရှိနေလို့သာ။ မရှိရင် ထွက်ပြေးသွားနိုင်တယ်။ အရင်တုန်းက ကောင်မလေးတစ်ယောက်ကို သမီးက ဘာမှကိုင်ခွင့် ဖွင့်ခွင့်မပေးဘူး။ သိပ်မကြာဘူး ပြေးပါလေရော။ ဒီကောင်မလေးကျ သမီးက သင်ပေးထားပြီး သူ့အကြိုက်နဲ့ ဆွဲဆောင်ထားတာ။ ကျုပ်ကတော့ မနက်တိုင်း တရားခွေလေး ဖွင့်နာတယ်။ စာဖတ်တာ ဝါသနာပါတော့ ဖတ်ကောင်းတဲ့ စာအုပ်တစ်အုပ်လောက် ဝယ်ခဲ့ပါဆိုရင် အလုပ်များတဲ့ သမီးက ဘယ်တော့မှပါမလာဘူး။ ခုချိန်ထိ ကျုပ်က ဘာရယ်လို့ မဟုတ်ပါဘူး။ နေ့လယ်ဆိုလည်း ပုတီးစိပ်၊ ဘုရားစာရွတ်၊ ဘုရားရှိခိုးပြီး ကျန်တဲ့အချိန်တွေကို စာအုပ်လေးဖတ်နေရရင် တော်သေးတယ်။ အချိန်ကုန်မှန်း မသိသာဘူးပေ့ါ။

တစ်နေကုန် တစ်ရက်ပြီးတစ်ရက် တိုက်ခန်းအပေါ်ထပ်မှာ နေရတဲ့ဘဝကို ငြီးငွေ့လာတယ်။ အမှန်အတိုင်းပြောရရင် အောင်တော်မူရပ်မှာရှိတဲ့ ကျုပ်အိမ် ကျုပ်ခြံကို လွမ်းမိတယ်။ ကြိုက်တဲ့နေရာမှာ ခုံလေးချ၊ ရေနွေးကြမ်းလေးနဲ့ စာအုပ်ဖတ်ရတဲ့အရသာက ကျုပ်ကို အသက်ရှည်စေတယ်။

လမ်းလျှောက်ရတဲ့အကျိုးက စိတ်ကို တစ်နေကုန်လန်းဆန်းပြီး နေလို့ကောင်းတယ်။ ခုတော့ မှတ်မှတ်ရရပဲ ဒီနှစ်ပိုင်း ခါးတွေပိုချည့်နဲ့လာတယ်။

ကျုပ်မိန်းမ ခေါင်းချသွားတဲ့နေရာလေးကို မခွဲချင်ပေမယ့် ခွဲခဲ့ရတယ်။ သားသမီးနဲ့ မိဘကြားမှာ ပြိုင်ဆိုင်ပြီး ပြောနေရမှာကို ကျုပ်ရှက်တယ်။ အဖေ့ဆန္ဒကိုသိလျက်နဲ့ ပြောထွက်လာတဲ့ သူတို့စကားကို မပယ်ချချင်တာနဲ့ လိုက်လျောခဲ့ရတာ။ ကျုပ်စိတ်ထက် သူတို့ရဲ့ အခြေခံလိုအပ်ချက်တွေကို တင်ပြလာတဲ့အခါ သီသီဆုံးပြီး တစ်နှစ်အကြာမှာ အိမ်ကြီးရောင်းဖို့ ဖြစ်လာတယ်။

သမီးအကြီးက ထရမ်စဖာနဲ့ ရန်ကုန်ဆေးရုံကြီးကို ပြောင်းရတယ်။ ရန်ကုန်မှာ ကိုယ်ပိုင်ဆေးခန်း ဖွင့်ချင်တယ်။ ဒီအတွက် ငွေလိုတယ်။ သားအငယ်က ကွန်ပျူတာဒီဇိုင်းတွေ ဝါသနာပါတယ်။ ရန်ကုန်မှာပဲ ကိုယ့်ဟာကိုယ်တည်ထောင်ပြီး ဖွင့်ချင်တယ်။ ရန်ကုန်မှာ ပိုအလုပ်ဖြစ်တယ်ဆိုတော့ ငွေလိုတယ်။ သူတို့နှစ်ယောက်နဲ့ ကျုပ်ကြားမှာ နောက်ဆုံး အဖုအထစ်လေးတွေ ဖြစ်လာပြီး ကျုပ် လိုက်လျောခဲ့ရတယ်။

နှမြောမဆုံးစွာနဲ့ သူများလက်ထဲ ထည့်လိုက်ရတဲ့ ကျုပ်အိမ်ဝင်းဟာ လာလပေါက်စျေး တော်တော်ရခဲ့တယ်။ ဒါပေမယ့် ကျုပ် အဲဒီငွေကို ထိတောင် မထိချင်ခဲ့ဘူး။ ကျုပ် ကြေကွဲသလိုကြီး ခံစားရတယ်။

ပိုပြီး စိတ်မကောင်းဖြစ်တာက ရန်ကုန်မှာလည်း ကိုယ့်ခြံကိုယ့်ဝင်းနဲ့ပဲ နေရမယ်မှတ်တာ။ သမီးက ခုတိုက်ခန်းကို ဝယ်လိုက်ပြီး သူက ဘယ်နေရာမှာလဲမသိဘူး၊ ကိုယ်ပိုင်ဆေးခန်းလေး ဖွင့်တယ်။ သားက ကွန်ပျူတာတွေ ဝယ်တယ်။ ပထမ

ဂိမ်းဆိုင်ဖွင့်လိုက်တယ်။ ရှုံးတယ်။ ခု တိုက်ခန်းအပြတ်ဝယ်ပြီး ဒီဇိုင်းဆွဲနေလေရဲ့။ အဲဒီတိုက်ခန်းမှာပဲ နေတယ်။ ငွေကြေးကိုလည်း သူတို့နှစ်ယောက်တိုင်ပင်ပြီး သုံးစွဲကြတယ်။

ကျုပ်ကိုတော့ နှစ်ယောက်စလုံး အစားအသောက်၊ ကျန်းမာရေး ဂရုစိုက်ပါတယ်။ သမီးဆေးခန်းက အစတော့ လူမဝင်ဘူးလို့ ပြောတယ်။ ခုတော့ လာပါပြီတဲ့။ သားက ဒီဇိုင်းလုပ်ငန်းကို ဇောက်ချလုပ်နေပြီဆိုတော့ မဆိုးပါဘူး။ ကျုပ်မှာတော့ တစ်ရက်ပြီးတစ်ရက် အသက်ရှုကျပ်လို့။ သမီးက မျက်နှာချင်းဆိုင်အခန်းနဲ့ စကားပြောတာတောင် မကြိုက်ဘူး။ စပ်စုတယ်တဲ့။ မေးရင်လည်း ဘာမှမပြောနဲ့လို့ မှာထားတယ်။ တိုက်ခန်းက တံခါးကို အမြဲပိတ်ခိုင်းထားတယ်။

မနက်ဆို သမီးက ဈေးဝယ်ပေးတယ်။ ကောင်မလေးနဲ့ ချက်ပြုတ်စရာတွေ ချက်ကြတယ်။ ပြီးတော့ အလုပ်သွားတယ်။ ကျုပ်ကတော့ နေ့တိုင်း ဒီလိုချည်းပဲ တိုက်ခန်းကြီးပေါ်မှာ နေရတယ်။ လူက ခုနစ်ဆယ်ကျော်ဆိုတော့ တကယ်ကျန်းမာရေးကောင်းရင် ဖျတ်တုန်း၊ လတ်တုန်း၊ သန်တုန်း။ မန္တလေးမှာဆို ဟိုဘက်နှစ်လမ်းကျော်က ဘိုခဲတို့၊ မောင်ပိုတို့နဲ့ လမ်းလျှောက်ရင်း စကားပြောရတာကိုက ခံတွင်းတွေ့လှတယ်။ ကျုပ်မှာ ပျင်းရတယ်ကို မရှိဘူး။ အားရင် သူတို့အိမ် ကိုယ့်အိမ် လျှောက်သွား။ ငယ်တုန်းက ဘောလုံးကန်တဲ့အကြောင်း၊ တက္ကသိုလ်ကျောင်းသားဘဝအကြောင်း၊ တရားဓမ္မအကြောင်း စုံလို့ပါပဲ။ ဥပုသ်နေ့တိုင်း တရားပွဲသွား။ တစ်ခါတလေ အောင်တော်မူဘုရားမှာ ငါးအစာ သွားကျွေးနဲ့။ ခုတော့ ဝရန်တာကျဉ်းကျဉ်းလေးမှာပဲ ထိုင်ရင်း နေ့စဉ်သတိရနေတော့တယ်။

မနက်ဆို ကျုပ်က မန္တလေးပဲပြုတ် ဝါဝါအိအိလေးတွေကို ထမင်းပူလေး ဆီဆမ်း၊ ဆားဖြူး ဒါမှမဟုတ်ရင် မန္တလေး ဗယာကြော်၊ ငချိပ်ပေါင်း သိပ်ကြိုက်တာ။ သီသီက အမြဲလုပ်ပေးတယ်။ ခုတော့ မနက်ဆို လက်ဖက်ရည်။ သမီးက ကော်ဖီမတိုက်ဘူး။ မတည့်လို့တဲ့။ ပေါင်မုန့်မီးကင်၊ ဘီစကစ်၊ တစ်ခါတလေ ကြက်ဥနဲ့ ထမင်းကြော်။ ပဲပြုတ်သည် ဒီဘက်လာတာကို တစ်ခါမှ မတွေ့ဘူး။ မန္တလေးမှာဆို ညနေဘက် ဗိုက်ဆာရင် မုန့်ဟင်းခါး၊ မုန့်တီ၊ အကြော်ထွက်စားပစ်လိုက်တာပဲ။ နေ့လယ် ဆာပြီဆိုရင် စားဖို့ သမီးက မုန့်တွေတော့ ဝယ်ပေးထားပါရဲ့ စားချင်စိတ်က မရှိဘူး။ နောက်တစ်ခုက မိုးရာသီဆို စိုထိုင်းထိုင်းဖြစ်နေတဲ့ အင်္ကျီနံ့တွေကို ကျုပ်မခံနိုင်ဘူး။ အောက်သိုးသိုးနဲ့ နေပူနဲ့ မခြောက်ရဘဲ လေနဲ့ခြောက်ရတဲ့ အနံ့ဆိုးကြီးကို စိတ်ပျက်မိတယ်။

သစ်ပင်စိုက် ဝါသနာပါတဲ့ သမီးက ဒီခပ်ကျဉ်းကျဉ်း ဝရန်တာလေးမှာပဲ သစ်ပင်တွေကို ပန်းအိုးတွေနဲ့ စိုက်ထားတော့ ပိုပြီးမှောင်နေသလိုပဲ။ တကယ်တော့ ဒီတိုက်ခန်းလေးမှာ နှစ်နဲ့ချီကြာနေပေမယ့် အခုထက်ထိ နေသားမကျနိုင်သေးဘူး။

ဟော . . . . အောက်မှာ ပါပလစ်ကာကား အဝါရောင်လေး ရောက်လာပြီ။ ဒါဆို သမီးပြန်လာပြီ။ ရန်ကုန်ရောက်ပြီး သူ့ရဲ့သွားရေးလာရေး ခက်ခဲမှုအတွက် အဲဒီကားလေး ဝယ်လိုက်တာ။ အောက်ဆုံး မြေညီထပ်ကဘေးမှာ ဂိုထောင်ရှိတယ်။ အဲဒီကားဂိုထောင်မှာ ပိုက်ဆံပေးအပ်တာ။

အပေါ်တက်လာတဲ့ သမီးရဲ့ဖိနပ်သံကို ကြားရတော့ ကောင်မလေး တံခါးဖွင့်ပေးတယ်။ ကောင်မလေးလည်း ရှိသမျှအခွေတွေ

ကြည့်ပြီးသွားပုံရတယ်။ ကျုပ်က တုတ်ကောက်လေးနဲ့ အိမ်ထဲဝင်လိုက်တယ်ဆိုရင်ပဲ အံ့ဩစရာသမီးလက်ထဲမှာ စာအုပ်တွေ အများကြီးတွေ့ရတယ်။ ကျုပ်မှာလိုက်တဲ့ စာအုပ်တွေလားလို့ပေါ့။ သမီးက စာအုပ်တွေချ၊ လူကလည်း ခုံပေါ်ပစ်ထိုင်ရင်း ကောင်မလေးကို ရေတစ်ခွက် လှမ်းတောင်းလိုက်တယ်။

"ဟူး . . . . . မောလိုက်တာ ဒီခုနစ်ထပ်တက်ရတာ အသက်ထွက်မတတ်ပဲ . . . ဒီနေ့ သမီးစာအုပ်တွေပါလာလို့ အံ့ဩမနေဘူးလား"

"ဟုတ်တယ် . . . .။ အဖေ ဖတ်ချင်နေတဲ့ စာအုပ်တွေချည်းပဲ . . . .သမီး ဘယ်က ဝယ်လာတာလဲ"

"ဘယ်က ဟုတ်ရမှာလဲ . . . . ပန်းဆိုးတန်းဘက် ခြေဦးတောင်မလှည့်နိုင်ဘူး . . . . . အဖေ့ဘော်ဒါ ဦးဘိုခဲနဲ့ တွေ့ခဲ့တာ . . . . သူပေးလိုက်တာ"

"ဟေ! ဟုတ်လား . . . . . သူ ဘယ်တုံးက ရောက်လာလဲ"

"မနေ့ကတဲ့ . . . . .။ အဖေ့ကို သတိရလို့ ဖုန်းဆက်မယ်တဲ့. . . . .သူ့မိတ်ဆွေတစ်ယောက် နာရေးလာတယ်ပြောတာပဲ . . . .သူ အဖေ့အတွက် ယူလာပေးတဲ့ စာအုပ်တွေက သမီးကို ဝယ်ခိုင်းနေတဲ့ စာအုပ်တွေဖြစ်နေလို့ အံ့ဩသွားတာပဲ . . . . အတော်ပဲ ဖြစ်သွားတယ် . . . .ဒီနေ့ည သူ ဖုန်းဆက်လိမ့်မယ် . . . ..မနက်ဖြန် သူလာလိမ့်မယ် . . . . .လိပ်စာလည်း ပေးထားခဲ့တယ် . . . . .ဖုန်းက သူ့အိမ်မှာ ရတာမကြာသေးဘူးတဲ့ . . . . . .အဲဒါ အဖေ့ဘော်ဒါနဲ့ စကားတွေပြောပေတော့ . . . . . . အိမ်မှာ ထမင်းကျွေးလိုက်"

"အေး အေး . . . . . ကောင်းတယ်။ ဟိုကောင် မောင်ပိုလည်း

ပါရင်သိပ်ကောင်းမှာပဲ”

“အဖေကလည်း”

“မနက်ဖြန်ကျ ဟင်းကောင်းကောင်းချက်ကွာ . . . . .ငါလည်း စကားတွေ ပြောချင်နေတာ”

“ဟုတ်တယ် . . . . အဘိုးက မန္တလေးကို အမြဲသတိရနေတာ . . . . . တစ်ချိန်လုံး ငေးနေတာ ခုမှပဲ ပြုံးရွှင်တာ တွေ့ရတော့တယ်”

“သမီးလည်း အဖေ့ကို ကိုယ်ချင်းစာမိပါတယ် . . . . .ရန်ကုန်မှာကျ အိမ်ကြီး ခြံကြီးတွေက ဈေးကကြီး . . . . . အလုပ်တွေ ဒီထက်အဆင်ပြေလာရင် ဒီတိုက်ခန်းရောင်းမယ် . . . . . . အဖေ မန္တလေးမှာ ပြန်နေချင်တယ်ဆိုရင်လည်း သမီးပါ လိုက်ပြောင်းရမှာ . . . အဖေတစ်ယောက်တည်းလည်း မဖြစ်ဘူး”

“ဒီလိုလည်း မဟုတ်ပါဘူး သမီးရာ. . . . အဖေက မလိုပါဘူး . . . . .မင်းတို့က ခေတ်လူငယ်တွေ ဖြစ်တဲ့အတွက် အနာဂတ်ကို စဉ်းစားရမယ် . . . အဲဒီလို စဉ်းစားမိလို့လည်း သမီးတို့ ဆုံးဖြတ်ချက်ကို အဖေ လိုက်လျောခဲ့တာပေ့ါ”

“ဒီတိုက်ခန်းပေါ်မှာ အဖေ့တစ်ယောက်တည်းထားပြီး အလုပ်သွားရတိုင်း သမီးရင်ထဲ တစ်မျိုးကြီး ခံစားရတယ် . . . ဦးဘိုခဲကိုတွေ့တော့ သမီးလည်းပျော်တယ် . . . .ဦးဘိုခဲကပြောတယ် . . . . အဖေ မန္တလေးကို လိုက်ချင်တယ်ဆိုရင် အလည်ခဏ ခေါ်ချင်တယ်တဲ့ . . . .သမီးကတော့ အဖေ့သဘောကို မမေးတော့ပါဘူး . . . အဖေ လိုက်မှာပါလို့ ပြောခဲ့တယ် . . . အဲဒါ အဖေ ဦးဘိုခဲပြန်ရင် လိုက်သွားလိုက် . . . သူတို့ ကျောင်းရေစက်ချလည်း ရှိတယ်လို့ပြောတယ် . . . အဲဒါဆို ဦးမောင်ပိုနဲ့လည်း တွေ့ရရော . . .

မကောင်းဘူးလား”

“သမီးကို ကျေးဇူးတင်ပါတယ် . . . အဖေဝမ်းသာတယ် . . . ကောင်းတယ်”

“ကျေးဇူးတင်စရာမလိုပါဘူး . . . သမီး လမ်းတစ်လျှောက်လုံး စဉ်းစားလာတာ . . . သမီးဘက်မှာ ငွေရေးကြေးရေး အဆင်ပြေပေမယ့် အဖေ့ရဲ့ ရှုန်သန်မှုကျ လျော့ပိတ်နေသလိုပဲ . . . ဒီရောက်ပြီးမှ အဖေ့ရယ်သံ မကြားရတာ စိတ်ထဲတစ်မျိုးပဲ . . . သမီးတို့ တစ်ကိုယ်ကောင်းဆန်နေပြီလို့ တွေးမိရင်း ကျော်ကျော်နဲ့လည်း ညနေက ဖုန်းပြောဖြစ်တယ် . . . သူလည်း ဒီကိစ္စကို သဘောတူတယ် . . . အဖေ စိတ်ချလက်ချသာ လိုက်သွားပါ”

သမီးကြီးက ပြောပြီး ရေချိုးမယ်ဆိုပြီး အနောက်ထဲ ထွက်သွားတယ်။ ဒီလိုဆိုတော့လည်း သူ့စိတ်ထဲ အဖေတစ်ယောက်ရဲ့စိတ်ကို ဥပေက္ခာမပြုထားပါလားလို့ တွေးရင်း ကျေနပ်မိတယ်။ အဲဒီညက တိတ်တိတ်လေး ကျုပ်အခန်းထဲ ဝင်လာပြီး ကန်တော့တာကို တွေ့ရတယ်။ ဘိုခဲနဲ့ ဖုန်းလည်း အားရပါးရ ပြောလိုက်ရတယ်။ သူကလည်းပျော်ပြီး မောင်ပို့ဆီ ဖုန်းတစ်ဆင့်ခေါ်ပြီး ကျုပ်ပါ ပါလာမယ့်အကြောင်း ဝမ်းသာအားရ လှမ်းပြောတယ်။

## (၂)

“မ မ . . . အဘိုးကလေ ဘယ်လောက်တက်ကြွသလဲဆိုတော့ အင်္ကျီတွေတောင်ထည့်ပြီးနေပြီ”

“အဖေလည်း သနားပါတယ် . . . သူ့ခမျာ အိမ်တွင်းအောင်းနေရတာ . . . မနေ့ညကလည်း ပြောလိုက်တဲ့စကားတွေ အန်ချတဲ့အတိုင်းပဲ”

အပြင်က အသံခပ်တိုးတိုးကျိတ်ကျိတ် ပြောနေသံကို ကျုပ်ကြားနေရတယ်။ ကျုပ်ကလည်း ကျုပ်ပါပဲ။ အားလုံး အဆင်သင့်ပဲ။ မနက်ဖြန် ညရထားနဲ့ သွားရမှာ။ ညစောစော အိပ်ရာဝင်တယ်။

မနက်ရောက်ပြီ ထင်ပါရဲ့။ ကျုပ်တစ်ကိုယ်လုံး လှုပ်လို့မရအောင် ထုံကျင်တာလိုလို၊ ကိုက်ခဲတာ လိုလို။ အိုး . . . ခံရဆိုးလိုက်တာ။ နှာခေါင်းဝမှာ ဘာနံ့တွေလဲ။ အနံ့ချင်သလိုလို။ ဗိုက်ထဲ ဘာမှမစားရသေးလို့လား။ ဒီနေ့ မန္တလေးကို သွားရမှာ။ မီးရထားပေါ်မှာ အဆာခံလို့ မဖြစ်ဘူး။ ခေါင်းတွေလည်း ကိုက်၊ မျက်စိတွေကလည်း တစ်ခုခုနဲ့ ဖိထားသလို လေးလံကိုက်ခဲနေတယ်။ ရင်ထဲမှာလည်း တလှပ်လှပ်နဲ့ မှိတ်ထားတဲ့မျက်ခွံတွေကို အားကုန်ရုန်းလိုက်တယ်။

"အဖေ အဖေ သတိရပြီလားဟင်"

သမီးအသံပဲ။

"အဖေ သားကို မှတ်မိလား . . . မျက်စိဖွင့်ကြည့်ပါဦး"

ဒါ သားကျော်ကျော်အသံ။

"အစ်ကိုကြီး သတိရလား . . . မျက်လုံး ဖြည်းဖြည်းဖွင့်ကြည့်ပါလား"

ဒါ ဘိုခဲအသံ။ ဒီကောင် ဘူတာသွားရမှာ ဘာလုပ်နေပါလိမ့်။ အား . . . ကျုပ် အတတ်နိုင်ဆုံး မျက်လုံးတွေ အားယူဖွင့်ကြည့်လိုက်တယ်။ ခပ်ဝါးဝါးတွေ့ရတဲ့ သူတို့သုံးယောက် ကျွန်တော့်ကို ဝိုင်းအုံကြည့်နေကြတယ်။

"အဖေ သမီးလေ"

"အဖေ့အိတ် ပြင်ပြီးပြီလား"

“အဖေ ညက ခုတင်ပေါ်မှာလေ . . . ဟို . . . လေဖြတ်ချင်သလိုလို ဖြစ်သွားတာနဲ့ ညတွင်းချင်း ဆေးရုံတင်လိုက်ရတယ်”

“ဟေ”

“အစ်ကိုကြီး စိတ်မပူပါနဲ့ . . . ညက အစ်ကိုကြီး နည်းနည်း အအေးမိသွားတယ်”

“ဘာကွ ဘိုခဲ။ ဒါဆို ငါ ဘာမှလှုပ်လို့မရတော့ဘူးပေ့ါ”

“မဟုတ်ပါဘူး . . . သက်သာလာမှာပါ . . . ခုလည်း စကားပြောနိုင်နေတာပဲ . . . တဖြည်းဖြည်း သက်သာလာမှာပါ”

“ငါ့ အောက်ပိုင်းတွေ လှုပ်လို့မရသလိုပဲ”

“မဟုတ်ပါဘူး . . . နည်းနည်းဖြစ်သွားတာပါ အဖေ . . . ပုံမှန်ဆေးစား၊ ဆေးကုလိုက်ရင် ပျောက်သွားမှာ . . . ညဆို အဖေက အမြဲတံခါးပိတ်အိပ်တယ် . . . မနေ့ညက မေ့ပြီး မပိတ်လိုက်ဘူးထင်တယ် . . . အအေးမိသွားတာပါ”

“အစ်ကိုကြီး အားမငယ်ပါနဲ့ . . . ဆရာဝန်တွေအကုန်လုံး ဂရုစိုက်ကြပါတယ်”

“ငါ . . . ငါ . . . မန္တလေး မသွားနိုင်တော့ဘူးပေ့ါ”

ကျုပ်ရဲ့ ဆို့နင့်နင့် ကြေကွဲကွဲ အသံကြီးက အားလုံးကို စိတ်မကောင်းဖြစ်စေခဲ့ပုံရတယ်။ ကျုပ် ဘာမှပြောချင်စိတ်မရှိအောင် စိတ်ဓာတ်တွေ ကျဆုံးသွားခဲ့တယ်။ ဘဝမှာ ချိုမြိန်သောသူများအတွက် အချိုသီးများ သီးပြီး၊ ခါးသောသူများအတွက် အခါးသီးများ သီးနေကြသလားလို့ တောင်ရောက် မြောက်ရောက် တွေးမိတယ်။

(၃)

အခန်းထဲကနေ Wheel Chair ပေါ် ရွှေ့ထိုင်ရင်း ကိုယ့်ဟာကိုယ် ဘီးလိမ့်တွန်းရင်း ဝရန်တာလေးဆီ ရောက်လာတယ်။ အားပြုရတဲ့ တုတ်ကောက်လေးက အခုတော့ အခန်းထောင့်မှာ အနားရနေတယ်။

တစ်၊ နှစ်၊ သုံး၊ လေး ဓာတ်ကြိုးပေါ်မှာ ခိုတွေ၊ စာကလေးတွေ ပိုများလာသလိုပဲ။ ကျုပ်အမြဲတမ်း ရေတွက်နေမိတယ်။ တစ်ကောင်ပျံသွားရင် တစ်ကောင်ထပ်ရောက်လာတယ်။ သူတို့ ဘယ်သွားကြပါလိမ့်။

ဟော သမီးပြန်လာပြီ။ ကောင်မလေး တံခါးဖွင့်ပေးသံ ကြားရတယ်။ သမီး ဖိနပ်ချွတ်တယ်၊ ဝင်လာတယ်။

"အဖေ နေကောင်းလား . . . အိပ်နေလား"

"ဟို မှာ . . . ။ ဝရန်တာဘက်ထွက်ပြီး ဓာတ်ကြိုးပေါ်က အကောင်တွေကို ရေနေတယ် . . . နေ့တိုင်းပဲ . . . ဒီနေ့လည်း စကားမပြောဘူး"

ကျုပ်နောက်က သမီးခြေသံကို ကြားရတယ်။

"အဖေ နောက်တစ်ပတ်ထဲကျ မန္တလေးကိုသွားရအောင် . . . သမီးပါ လိုက်မယ်"

မန္တလေးသွားမယ်တဲ့။ မန္တလေး . . .။ အင်း . . . ငါ ကြားဖူးသလိုပဲ။

"အဖေ့သူငယ်ချင်း ဦးမောင်ပိုတို့ . . . ဦးဘိုခဲတို့ကလည်း အဖေ့ကို ခေါ်ဖြစ်အောင် ခေါ်ခဲ့ပါတဲ့"

သမီးကလည်း ဘာတွေပြောနေမှန်းလဲ မသိဘူး။ အဲလူတွေကို

ကျုပ်မှ မသိတာ။

“အဖေ သွားချင်တယ်မဟုတ်လား”

ကျုပ်ခေါင်းကို လေးတွဲ့စွာ ရမ်းလိုက်တယ်။ နောက်တစ်ပတ်ဆိုတာ မသေချာဘူး။ မနက်ဖြန်ဆိုတာလည်း မသေချာဘူး။

“ဘာဖြစ်လို့လဲ အဖေ”

“အဖေ ဒီနေရာလေးမှာပဲ နေပါရစေ . . . ဒီနေရာလေးက ကောင်းတယ် . . . မန္တလေးဆိုတာ အဖေမှမသိတာ သမီးရဲ့ . . . အဖေ မသွားချင်ဘူးနော်”

သမီးက ကျုပ်ကို ဘာမှမပြောဘဲ စိုက်ကြည့်နေတယ်။ သမီးမျက်ဝန်းထဲက မျက်ရည်တွေ တပေါက်ပေါက် လိမ့်ဆင်းလာပြီး ကျုပ်လက်တွေကို ကိုင်ပြီး တရှိုက်ရှိုက်နဲ့ ငိုနေတယ်။ ဘာလို့ ဒီလောက်ငိုနေမှန်း ကျုပ်မသိဘူး။ သူက မန္တလေး သွားချင်တာထင်တယ်။ ကျုပ်က မသွားချင်ဘူးဆိုတော့ သူ မသွားရမှာစိုးလို့ထင်တယ်။

“သမီး မငိုပါနဲ့ . . .။ ဒီလောက်တောင် သွားချင်နေတယ်ဆိုလည်း သွား သွား . . . အဖေ ခွင့်ပေးတယ် . . . အဖေက နေမကောင်းတော့ မလိုက်တော့ဘူး”

သမီးက အငိုတိတ်ပြီး အိပ်ခန်းထဲ ဝင်သွားတယ်။ အင်း . . . ကျုပ်ရဲ့ ခိုလေးတွေ ဘယ်နှကောင် ပျံသွားပြီလဲ မသိဘူး။ သမီးနဲ့ စကားပြောနေတာနဲ့ ပျောက်သွားပြီ။ သူတို့လည်း မန္တလေးကို ပျံသွားတာလား ကျုပ် မသိလိုက်ဘူး။

*